smart credit business
Powered by YOMA BANK

TERMS & CONDITIONS

## SMART Credit Business ချေးငွေ၏စည်းကမ်းသတ်မှတ်ချက်များ

1. To be eligible for a Yoma Bank SMART Credit Business (a "SMART Credit Business"), Customer must have a Yoma Bank *Flexi Everyday* Account and be an active Agent or Merchant.

   ရိုးမဘဏ်၏ SMART Credit Business ဝန်ဆောင်မှုအား ရယူအသုံးပြုခွင့်ရရှိရန် သင့်ထံတွင် ရိုးမဘဏ်၏ *Flexi Everyday* အကောင့် ရှိပြီး လက်ရှိ လုပ်ငန်းလည်ပတ်နေသော Agent (သို့) Merchant ဖြစ်ရပါမည်။

2. SMART Credit Business was offered by Yoma Bank (“Creditor”) for eligible Agents or Merchants.

   သတ်မှတ်ချက်ပြည့်မီသော Agent (သို့) Merchant များအတွက် Yoma Bank (“Creditor”) မှ SMART Credit ကို ကမ်းလှမ်း ပံ့ပိုးခြင်းဖြစ်ပါသည်။

3. SMART Credit Business will be determined by Yoma Bank based criteria.

   SMART Credit Business ဝန်ဆောင်မှုမှ ရရှိနိုင်မည့် ချေးငွေသည် ရိုးမဘဏ်မှ အကဲဖြတ်ထားသည့် ဆုံးဖြတ်ချက် ပေါ်တွင်သာ မူတည်မည်ဖြစ်ပါသည်။

4. The loan amount and tenor of SMART Credit Business loans are -
   SMART Credit Business ချေးငွေများ၏ ပမာဏနှင့် သက်တမ်းမှာ -

| No. | Loan Product | Loan Amount | Loan Tenure |
|---|---|---|---|
| 1 | Smart Credit Business (Agent Lending) | 5 Mil – 20 Mil (MMK) | 3 – 6 months |
| 2 | Smart Credit Business (Merchant Lending) | 1 Mil – 5 Mil (MMK) | Up to 3 months |
| 3 | Smart Credit Business (E-money liquidity loan) | Up to 20 Mil (MMK) | Up to 2 days |

| စဉ် | ချေးငွေအမျိုးအစား | ချေးငွေမာဏ | ချေးငွေသက်တမ်း |
|---|---|---|---|
| ၁ | Smart Credit Business (Agent Lending) | ကျပ် သိန်း (၅၀) မှ ကျပ်သိန်း (၂၀၀) ထိ | (၃) လ မှ (၆) လ အထိ |

| | | | |
|---|---|---|---|
| ၂ | Smart Credit Business (Merchant Lending) | ကျပ် (၁၀) သိန်း မှ ကျပ်သိန်း (၅၀) ထိ | အများဆုံး (၃) လ အထိ |
| ၃ | Smart Credit Business (E-money liquidity loan) | ကျပ် သိန်း (၂၀၀) ထိ | အများဆုံး (၂) ရက် |

5. Yoma Bank will automatically and directly debit from your *Flexi Everyday* Account on the due date for the monthly payment (including principal, interest, and any applicable fees) determined by Yoma Bank. If your *Flexi Everyday* Account does not have enough funds to cover the payment on the due date, you authorize Yoma Bank to debit such payment (including principle, interest, and fees) from any other account you have with Yoma Bank or Wave Money/ Wave Pay. If the due date does not fall on a business day, Yoma Bank will automatically deduct the SMART Credit Business payment on the subsequent business day after the due date.

   ရိုးမဘဏ်မှ သတ်မှတ်ထားသော လစဉ်ပေးချေမှု (အရင်း၊ အတိုးနှင့် သက်ဆိုင်ရာ စရိတ်စကများအပါအဝင်) ကို ပေးချေရမည့်နေ့ရက်တွင် သင်၏ *Flexi Everyday* အကောင့်မှ အလိုအလျောက်နှင့် တိုက်ရိုက် နုတ်ယူမည်ဖြစ်ပါသည်။ အကယ်၍ ပေးချေရမည်နေ့ရက်၌ သင်၏ *Flexi Everyday* အကောင့်တွင် ပေးဆပ်ရမည့်ငွေပမာဏ (အရင်း၊ အတိုးနှင့် သက်ဆိုင်ရာ စရိတ်စကများအပါအဝင်) အတွက် လုံလောက်မှုမရှိပါက ရိုးမဘဏ် (သို့) *Wave Money/ Wave Pay* တွင်ရှိသော သင်၏ အခြားမည်သည့်အကောင့်မှမဆို နုတ်ယူခွင့်ကို ရိုးမဘဏ်အား ပေးအပ်ပါသည်။ အကယ်၍ ပေးချေရမည့်နေ့ရက်သည် ဘဏ်ပိတ်ရက် ဖြစ်ပါက ရိုးမဘဏ်အနေဖြင့် အဆိုပါနေ့ရက်ကို ကျော်လွန်ပြီး အနီးဆုံး ဘဏ်ဖွင့်ရက်တွင် နုတ်ယူမည်ဖြစ်သည်။

6. The annual interest rate for SMART Credit Business loans are -
   SMART Credit Business ချေးငွေများ အတွက် နှစ်စဉ်အတိုးနှုန်းမှာ -

| No. | Loan Product | Interest (Per annual) |
|---|---|---|
| 1 | Smart Credit Business (Agent Lending) | 14.5% |
| 2 | Smart Credit Business (Merchant Lending) | 14.5% |
| 3 | Smart Credit Business (E-money liquidity loan) | As specified by the bank |
| **No.** | **ချေးငွေအမျိုးအစား** | **အတိုးနှုန်း (တစ်နှစ်လျှင်)** |
| ၁ | Smart Credit Business (Agent Lending) | ၁၄.၅% |
| ၂ | Smart Credit Business (Merchant Lending) | ၁၄.၅% |
| ၃ | Smart Credit Business (E-money liquidity loan) | ဘဏ်မှ သတ်မှတ်ချက်အတိုင်း |

7. Yoma Bank will charge a late or delinquent fee of 3.5% per month for the SMART Credit Business in accordance with Yoma Bank's standard fees, which will be announced from time to time.
   SMART Credit Business အတွက် နောက်ကျပေးဆောင်မှု (သို့) ပျက်ကွက်မှုတို့အတွက် တစ်လလျှင် ၃.၅ ရာခိုင်နှုန်း ဖြင့်တွက်ချက်ကောက်ခံမည်ဖြစ်ပြီး ရိုးမဘဏ်၏ စံသတ်မှတ်ထားသော နှုန်းထားများကို အခါအားလျော်စွာ ကြေညာ၍ ပြောင်းလဲကောက်ခံမည် ဖြစ်ပါသည်။

8. If you fail to pay the due payment of SMART Credit Business (including principle, interest, and fees) on the due date, Yoma Bank may demand that you repay the SMART Credit Business (including principle, interest, and fees) immediately; that will negatively effect on your credit score for applying the loans with Yoma Banking future and Yoma Bank will inform your credit score to Myanmar Credit Bureau; and Yoma Bank may take any such legal or other action to protect and enforce its rights under these terms and conditions.

   အကယ်၍ ပေးချေရမည်နေ့ရက်၌ SMART Credit Business (အရင်း၊ အတိုးနှင့် သက်ဆိုင်ရာ စရိတ်စကများအပါအဝင်) ကို ပေးချေရန် ပျက်ကွက်ပါက၊ Yoma Bank မှအဆိုပါ ပေးချေရမည့်ငွေပမာဏကို ချက်ချင်းပေးဆပ်ရန် တောင်းဆိုနိုင်ပါသည်။ ၎င်းသည် နောင်တွင် သင့်အနေဖြင့် ရိုးမဘဏ်တွင် ချေးငွေလျှောက်ထားခြင်းများအတွက် သင်၏ Credit Score အား သက်ရောက်စေမည်ဖြစ်ပြီး ရိုးမဘဏ်မှ ယင်း Credit Score အား Myanmar Credit Bureau သို့ အကြောင်းကြားမည် ဖြစ်ပါသည်။ ရိုးမဘဏ်သည် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များအရ ၎င်း၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် အတည်ပြုဆောင်ရွက်ရန် ဥပဒေအရသော်လည်းကောင်း (သို့) အခြားဆောင်ရွက်မှု တစ်ခုခုကို သော်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။

9. Yoma Bank may in its absolute discretion decline to provide you with the SMART Credit Business and is not obligated to provide you with a reason for such decline. Yoma Bank may stop its SMART Credit Business at any time.

   ရိုးမဘဏ်သည် ၎င်း၏တစ်ဦးတည်းသောဆုံးဖြတ်ချက်ဖြင့် SMART Credit Business ဝန်ဆောင်မှု ပေးအပ်ရာတွင် အကြောင်းပြချက် ပေးအပ်ရန် မလိုအပ်ဘဲ ငြင်းဆို ပိုင်ခွင့်ရှိသည်။ ထို့အပြင် ရိုးမဘဏ် အနေဖြင့် SMART Credit Business ကို အချိန်မရွေး ရပ်ဆိုင်းခွင့်ရှိသည်။

10. Yoma Bank shall not be liable for any loss or damage that occurred by utilizing the SMART Credit Business Service unless it is resulted by Yoma Bank's negligence.

    ရိုးမဘဏ်၏ပေါ့ဆမှုကြောင့်ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု (သို့) နစ်နာမှုများမှအပ SMART Credit Business Service ကိုအသုံးပြုခြင်းဖြင့် ဖြစ်ပေါ်လာသောအခြားသော ဆုံးရှုံးမှု (သို့) နစ်နာမှုများမှအတွက် တာဝန်မရှိပါ။

11. Yoma Bank has the right to disclose your personal and financial information, including loan performance statistics, to any of our associated businesses/ companies, representatives, officers, agents, and affiliates.

    ရိုးမဘဏ်သည် ၎င်းနှင် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်း/ကုမ္ပဏီများ၊ ကိုယ်စားလှယ်များ၊ အရာရှိများ၊ အေးဂျင့်များနှင့် တွဲဖက်လုပ်ကိုင်သူများထံ loan performance statistics အပါအဝင် သင်၏ ကိုယ်ရေးကိုယ်တာ နှင့် ဘဏ္ဍာရေးအချက်အလက်များကို ထုတ်ဖော်ပြောကြားပိုင်ခွင့်ရှိသည်။

12. If you have a dispute or a complaint about the SMART Credit Business Service, you must first contact Yoma Bank, and Yoma Bank will make every effort to address the dispute and/or claim within a reasonable time frame.

    SMART Credit Business Service နှင့်ပတ်သက်၍ အငြင်းပွားမှု (သို့) တောင်းဆိုမှုတစ်စုံတစ်ရာရှိပါက ရိုးမဘဏ်သို့ ဦးစွာဆက်သွယ်ရမည်ဖြစ်ပြီး အဆိုပါ အငြင်းပွားမှု (သို့) တောင်းဆိုမှု တို့ကို သင့်တင့်လျောက်ပတ်သည့် အချိန်အတွင်း ရိုးမဘဏ်မှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

13. The above terms and conditions shall be governed by existing Republic of the Union of Myanmar law and regulations.

    အထက်ဖော်ပြပါ စည်းကမ်းချက်များနှင့်သတ်မှတ်ချက်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တည်ဆဲ ဥပဒေများ၊ စည်းမျဥ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက် ရမည်ဖြစ်ပါသည်။